

တို့ချစ်တာမင်း

# အခန်း(၁)

"စောစောစီးစီး ဘယ်သူ့ဆီက ဖုန်းလဲ သမီးရွှေဇင် "

ဒေါ်ထားမေက ဘုရားညောင်ရေအိုး လဲနေရမှ အိမ်ပေါ်သို့ အပြေးကလေး သူ့သမီးငယ်ကို မေးလိုက်သည်။

"အေးမွန်ဆီကပါ အမေ ၊ ရန်ကုန်မှာ သမီးလျှောက်ထားတဲ့အလုပ်အတွက် လူတွေ့စစ်ဆေးဖို့လှမ်းခေါ်တာပါ"

"ဘယ်တော့တဲ့လဲဟင်"

ဒေါ်ထားမေသည် မရွှင်မလန်းဖြစ်သွားသော မျက်နှာဖြင့် ကြည်လင်ရွှင်လန်းနေသော သမီးငယ်၏ မျက်နှာကို ကြည့်ကာ မေးလိုက်သည်။

"သန်ဘက်ခါ ကိုးနာရီ သွားအစစ်ခံရမှာ မေမေရဲ့"

"မြန်လှချည်လား ၊ သမီးကကော ဒီအလုပ်ကို လုပ်ဖို့ ယတိပြတ်ဆုံးဖြတ်လိုက်ပြီလားဟင်"

"သမီး. . . သမီး ဆုံးဖြတ်ပြီးပါပြီ၊ သမီးကိုခွင့်လွှတ်ပါမေမေ"

"မထား. . . သမီး သူ့ဆန္ဒအတိုင်း လုပ်ဖို့ ခွင့်လွှတ်လိုက်ပါကွာ၊ သမီးက လိမ္မာတဲ့ သမီးတစ်ယောက်ပဲ ၊ စိတ်မချနိုင်စရာ ဘာအကြောင်းမှ မရှိပါဘူး "

ဘယ်တုန်းက အနားရောက်နေမှန်းမသိ ဖြစ်နေသော ယမင်းရွှေ

ဇင်၏ ဖခင်က ဝင်ပြောလိုက်သည်။

"ခက်တာပဲ ကိုသောင်း ၊ ရှင်က သမီးတွေကို သိပ်အားပေးအားမြှောက်လုပ်တာပဲ ၊ ရှင်မွေးထားတာ သမီးတွေနော် ၊ သားတွေမဟုတ်ဘူး ၊ရှေ့ကလဲ စံနမူနာပြသွားလို့ ရှင်နဲ့ ကျွန်မ မြေးတစ်ယောက်အပိုဆု ရလိုက်ပြီ မဟုတ်လားဟင်"

" အား မထားကလဲဗျာ ၊ သီရိဖြစ်တာနဲ့ သမီးရွှေဇင်ကလဲ လိုက်ဖြစ်ရမယ်လို့ ပုံသေကားချပ် လေ့နံဓားထစ် မပြောပါနဲ့ ၊ သူ့ကံတရားနဲ့သူလာတာပါဗျာ"

"တော်ပြီ. . . တော်ပြီ ၊ ရှင်က ရှေ့ကနေ ကားဆီးမြှောက်ပင့်နေမှတော့ ကျွန်မပြောလဲ ဘာအရာရောက်တော့မှာလဲ ၊ ကျွန်မ ဘာမှမပြောတော့ဘူး ၊ ပါးစပ်ပိတ်နေတာပဲ ကောင်းမယ်"

စိတ်ကောက်သွားသော မိခင်၏ ရင်ခွင်ထဲသို့ ယမင်းရွှေဇင်က ဦးခေါင်းကလေး တိုးဝင်ကာ သူ့ခါးကို တင်းကျပ်စွာ ဖက်ထားလိုက်သည်။

"မေမေရယ် ၊ ဖေဖေ့ကို စိတ်မဆိုးပါနဲ့ ၊ သမီးဟာ အဆိုးအကောင်း ၊ အကျိုးအကြောင်းကို ခွဲခြားတတ်တဲ့သမီးပါ ၊ သမီး ဒီတစ်သက်မှာ မမသီရိအဖြစ်ကို ကြည့်ပြီး အိမ်ထောင်မပြုဖို့တောင် ဆုံးဖြတ်ထားတာပါ၊ သမီးရဲ့ ခေါင်းထဲမှာ မေမေ၊ ဖေဖေနဲ့ တူမလေး ခြူကိုပဲ တစ်သက်လုံးကျွေးမွေးပြုစုသွားမယ်လို့ ဆုံးဖြတ်ထားပါတယ်"

"ဒီလိုလဲ ဘယ်ဟုတ်မှာလဲ သမီး၊ သမီးဆုံးဖြတ်ချက်မှားနေပြီ၊ သီးချိန်တန်သီး ၊ ပွင့်ချိန်တန် ပွင့်ရမှာပေါ့၊ သဘာဝကိုမလွန်ဆန်နဲ့ ၊ အေး. . . ဝေဖန်ပိုင်းခြား ချင့်ချိန်သိမြင်တတ်မှုတော့ ရှိရမယ်၊ ချဉ်ချဉ်တူးတူး မူးရင်ပြီးရောဆိုပြီး ဟိုအမိုက်မလိုတော့ ကိုယ့်ဘဝကို အဆုံးမခံနဲ့ ကြားလား"

"ဟုတ်ကဲ့ပါ ဖေဖေ"

"ကဲ . . . ကဲ သားအမိနှစ်ယောက်ဆွေးနွေးကြဦး ဖေဖေ ခြံလေးဖို့ မုန့်သွားဝယ်လိုက်ဦးမယ်"

"ဟုတ်ကဲ့ ဖေဖေ"

ဦးသောင်းဦးသည် သူ့မြေးမကလေး ခြံအတွက် အသင့်ပြင်ထားသော ပလတ်စတစ် ခြင်းတောင်းကလေးကို ယူကာ အိမ်ပေါ်မှ ဆင်းသွား၏။

ဒေါ်ထားမေလည်း သူ့ဘက်က အရှုံးပေးရတော့မည့်ပုံ ဖြစ်နေသဖြင့် ရှိုက်ထားသော သက်မကိုချကာ သမီးဖြစ်သူ၏ ဦးခေါင်းက ဆံပင်တွေကို အသာပွတ်သပ်လိုက်သည်။

"သမီးလေးက မမကြီးထက် စဉ်းစားဉာဏ်ပိုတယ်ဆိုတာ မေမေ သိပါတယ် ၊ဒါပေမယ့်လဲ မေမေ့အနေနဲ့ကတော့ ကိုယ့်အနားမှာ တစ်ယောက်တည်းကျန်တဲ့ သမီးလေးကို ရင်အုပ်မကွာဘဲ နေစေ့ချင်တယ်၊ ဒီမှာနေပြီး ကျောင်းဆရာမပဲဖြစ်ဖြစ်၊ အခြားအလုပ်တစ်ခုမှာပဲ ဖြစ်ဖြစ် ဝင်လုပ်ရင်လဲရတာပါပဲ၊ မေမေကတော့ သမီးဘာဖြစ်လို့ ရန်ကုန်မှာသွားပြီး အလုပ်လုပ်ချင်နေရတာလဲဆိုတာ စဉ်းစားလို့ကို မရဘူးကွယ်"

"သမီး. . .သမီးလုပ်စာနဲ့ ပညာတွေ ဆက်သင်ချင်လို့ပါ မေမေ၊ ရန်ကုန်မှာ စာရင်းအင်းပညာနဲ့ ပတ်သက်လို့ ဆက်တက်စရာတွေ အများကြီး ရှိပါတယ်၊ ဒါတွေကို တက်ထားရင် သမီးဘဝတက်လမ်းတွေ အများကြီးရှိလာမှာပါ မေမေ၊ ခုဆိုရင် အေးမွန်တောင် အယ်စီစီအိုင် လယ်ဗယ်တူးအထိ အောင်သွားပြီ၊ သမီးသာ ခါးပြတ်ကျန်ရစ်ခဲ့တာ"

"အင်း . . . ဘဝတိုးတက်ရာ တိုးတက်ကြောင်းကို ရှာချင်တဲ့ မေမေ့ သမီးငယ်ကို မေမေ မတားရက်ပါဘူး ၊ မေမေရင်ထဲမှာ မတော်တဆ လမ်းမှားတွေရောက်မှာပဲ စိုးရိမ်စိတ်ကြီးနေတယ်"

"မေမေ ဒီအတွက် မပူပါနဲ့ သမီးမေမေ့ကို ကတိတွေအတန်တန် ပေးခဲ့ပြီးပဲ၊ ခုလဲ ထပ်ပေးပါဦးမယ်၊ သမီးဘဝမှာ ဘယ်ယောက်ျားနဲ့မှ မ ပတ်စေရပါဘူး မေမေရယ် ၊ သမီးကို စိတ်ချပါ ၊ သမီးကြိုးစားချင်တယ် ဆိုတာလဲ မေမေ၊ ဖေဖေနဲ့ တူမလေး ခြူအတွက်ပါ၊ ခြူဘဝကို မြေတောင်မြှောက်ပေးသွားဖို့က ငွေလိုတယ်မဟုတ်လား မေမေရယ်"

"ဟုတ်ပါတယ် ၊ငါ့သမီးငယ်ပြောတာ အမှန်တွေချည်းပဲ ၊သိရှိ သမီး တစ်ဝက်လောက် လိမ္မာရင် တော်ပါပြီ"

"မမကြီးကိုလဲ အပြစ်ဖို့မနေပါနဲ့တော့ မေမေ၊ သူ့ခမျှာလဲ ဘဝဒဏ် ကို အလူးအလဲ ခံစားခဲ့ရပြီးပါပြီ၊ သူ ဖြစ်ပျက်ကြုံတွေ့ခဲ့ရတာတွေ အားလုံး သူ့မှာ ဝဋ်ပါလို့ ၊ အကြောင်းပါလို့ပဲ သဘောထားလိုက်ပါတယ်၊ သမီးမရှိရင်လဲ မမကြီးဆီကို တစ်လတစ်ခေါက်တော့ ဆက်ဆက်သွား ကြည့်ပါ ၊ သူ့ကျန်းမာရေးကို ပစ်စလက်ခတ် လုပ်နေတာ သမီးမကြိုက် ဘူးမေမေ "

"အေးပါကွယ် ၊ အေးပါ ၊ ကဲ. . . ကဲ မေမေဘုရားကို ဆက်လဲလိုက် ဦးမယ် ၊ သမီးလေးလဲ ခရီးသွားဖို့ သွားပြင်ဆင်ချည်တော့ "

"ဟုတ်ကဲ့ပါ မေမေ"

ယမင်းရွှေစင်လည်း ဘုရားခန်းမှခွာခဲ့ပြီး သူ့အိပ်ခန်းဆီသို့ ဝင်ခဲ့ သည်။

အင်း . . .မေမေတော့ သိသွားရင် တော်တော် စိတ်မကောင်းဖြစ်

ကျန်ရစ်ခဲ့မှာပဲ၊ ဟင်း. . . မတတ်နိုင်ပါဘူးလေ၊ ငါ့ဘဝတက်လမ်းကို ဒီလိုမှ ထွက်မရှာရင် ဘယ်နည်းနဲ့မှ ရလာနိုင်မှာမဟုတ်ဘူး ၊ ငါ့မှာ ခြူလေးအတွက် ကြိုးစားရမယ့်တာဝန်တွေ ရှိနေတယ်

ယမင်းရွှေစင်သည် အတွေးကို ဖြတ်ကာ ဗီရိုခေါင်မိုးပေါ်မှာ ပုဆိုးကြမ်းဖြင့် ထုပ်ပိုးထားသော ခရီးဆောင်အိတ်ကြီးကို ဆွဲချလိုက်သည်။

ဤတွင် အမှတ်မထင် ဓာတ်ပုံအယ်လ်ဘမ် စာအုပ်ကလေး ကြမ်းပေါ်သို့ ပြုတ်ကျသွား၏။

"ဟယ် . . . ကြည့်စမ်း ၊ ဒီအယ်လ်ဘမ် စာအုပ်ကလေးက ဗီရိုပေါ်ရောက်နေတာကိုး ၊ ရှာလိုက်ရတာ တွေ့တောင်မတွေ့နိုင်ဘူး၊ ဒါ မမသီရိ လက်ချက်ပဲဖြစ်မယ်"

ယမင်းရွှေစင်သည် ဒူးကလေးထောက်ချ၍ ထိုင်ကာ ဓာတ်ပုံအယ်လ်ဘမ် စာအုပ်ကလေး၏ မျက်နှာစာကို စဖွင့်ကြည့်လိုက်သည်။

သူနှင့် သူ့မမကြီး သီရိမေ၏ ငယ်စဉ်က ဓာတ်ပုံများ။

ယမင်းရွှေစင်သည် ဓာတ်ပုံများကို တစ်ခုချင်းလိုက်ကြည့်နေရာမှ မျက်လုံးနှစ်ဖက်တွင် မျက်ရည်များ ပြည့်အိုင်၍ လာသည်။

"မမကြီးရယ် အဖြစ်ဆိုးလိုက်တာ ၊ ဒီဓာတ်ပုံထဲကအရွယ်တွေကိုသာ ခုပြန်ရောက်သွားခဲ့ရင် ရွှေစင် မမကြီး ခုကြုံတွေ့ရတဲ့ အဖြစ်ဆိုးကို မရောက်စေဘူးသိလား၊ မမကြီးကို ပန်းကောင်းအညွှန့်ချိုး လုပ်သွားတဲ့ ဟိုလူ တိရိစ္ဆာန်ကောင်နဲ့လဲ မဆုံစေရဘူး သိလား"

ယမင်းရွှေစင်သည် တစ်ဦးကိုတစ်ဦး ကြင်နာစွာ ပွေ့ဖက်၍ ရယ်မောရွှင်ပြုံးစွာ ရိုက်ထားသော သူတို့ညီအစ်မနှစ်ယောက်၏ ဓာတ်ပုံ

ကလေးကိုကြည့်ကာ ယူကျုံးမရ တသသနှင့် ဝမ်းနည်းစိတ်တွေ အဖိစီး ခံရကာ မျက်ရည်တွေ ကျ၍နေ၏။

မိခင် ဒေါ်ထားမေတစ်ယောက် သူ့အနီးသို့ ရောက်ရှိနေသည်ကိုပင် သတိမမူမိဘဲ ရှိနေသည်။

ဒေါ်ထားမေသည် သူ့သမီးငယ် ယမင်းရွှေစင်၏ နောက်မှနေ၍ သမီး ငယ်လက်မှ ဓာတ်ပုံကလေးကို ဆတ်ခနဲ ယူလိုက်သည်။

"ဟင် . . . မေမေ"

ယမင်းရွှေစင်သည် မိခင်ဖြစ်သူကို ဖျတ်ခနဲ လည်ပြန်ကြည့်လိုက် သည်။

မိခင်၏မျက်ဝန်းတွင်လည်း မျက်ရည်တွေက လည်ဝဲ၍နေသည်ကို တွေ့ရသည်။

ခရီးသွားဖို့ လုပ်စရာရှိတာလုပ်၊ အဖြစ်ဟောင်းတွေက အသစ်ပြန် ဖြစ် မလာနိုင်တော့ဘူး၊ သမီး ဒီကိစ္စအတွက် အချိန်တွေ ထပ်ဖြုန်းမနေ နဲ့တော့

"ဟုတ် . . .ဟုတ်ကဲ့ပါ မေမေ၊ သမီး သမီးလဲ ရုတ်တရက် ဗီရိုပေါ်က ကျလာတဲ့ ဓာတ်ပုံကလေးကို တွေ့လိုက်ရလို့ စိတ်မထိန်းနိုင်ဖြစ်သွား တာပါ"

"ကဲ . . . ကဲ ထသမီး၊ ယူသွားမယ့် ပစ္စည်းတွေထုတ် မေမေ ကူပြီး ထ ည့်ပေးမယ် "

"ဟုတ်ကဲ့"

ယမင်းရွှေစင်သည် လက်ဆွဲသားရေသတ္တာကို သူ့ကုတင်ပေါ်သို့ တင်

လိုက်ပြီး အဖုံးကို ထောင်လိုက်သည်။ ပြီးလျှင် သူ၏အဝတ်အထည် ထည့်ထားသော ဗီရိုကိုဖွင့်ကာ အတွင်းမှ အဝတ်အထည် အသုံးအဆောင်များကို ထုတ်ယူ၍ ခုတင်ပေါ်တွင် ချထားလိုက်သည်။

ဒေါ်ထားထားမေသည် ပရုပ်လုံးကလေးများကို အဝတ်ပါးစကလေးဖြင့် ထုပ်ချီ၍ သေတ္တာထဲတွင် ထည့်ပေးပြီးမှ သမီး၏အဝတ်အစားများကို စနစ်တကျ ထည့်သိုပေးနေ၏။

"သမီးက အဝတ်တွေ အကုန်ယူသွားမှာလား ၊ တစ်ခါတည်း အလုပ်က တန်းဝင်ရမှာလားဟင်"

" ရရင်တော့ တန်းဝင်ရမှာပဲမေမေ ၊ တစ်ခါ ဒီကို ပြန်လာယူဖို့ဆိုတာ မလွယ်ဘူး၊ ခရီးစရိတ်လဲ ၊ ကုန်မယ်လေ"

"အင်းလေ ၊ ဒါလဲဟုတ်တာပဲ၊ သမီးယူသွားဖို့ ငွေများ နည်းနေမလား၊ မေမေ မခင်ယုံဆီမှာ ၊ နည်းနည်း သွားလှည့်လိုက်မလားလို့ စဉ်းစားနေတယ်"

"အို. . . မလှည့် . . . မလှည့်နဲ့ မေမေ၊ သမီးမှာ လုံလောက်ပါတယ် ၊ သမီး ကလေးတွေကို စာလိုက်ပြပြီး စုထားတဲ့ငွေတွေရှိတယ်"

"ဘယ်လောက်ရှိမှာမို့လဲကွယ်"

"တစ်သောင်းနီးပါးပဲ မေမေ၊ အဲဒီလောက်ပိုက်ဆံက သမီးအတွက် ကောင်းကောင်းလုံလောက်ပါတယ်၊ ဟိုမှာလဲ သမီးက နေစရိတ် ချက်ချင်းကုန်မှာမှ မဟုတ်ဘဲ ၊ အေးမွန်ရှိနေတဲ့ ဥစ္စာ ၊ အိမ်မှာက အရေးကြီးတယ် ၊ ခြူလေးလဲ ရှိနေတာဆိုတော့. . ."

"အေးလေ၊ လုံလောက်ရင်လဲ ပြီးတာပဲ၊ လိုလည်း အကြောင်းကြားလိုက်ပေါ်ကွယ် ၊ ဒါနဲ့ သမီးဖေဖေကိုကော ရန်ကုန်အထိ ပို့ခိုင်းမှာလား"

“သာရဝေါအထိပဲ ပို့ခိုင်းမယ် မေမေ၊ ရန်ကုန်ရောက်ရင် အေးမွန်က ဘူတာမှာ ဆင်းကြိုမှာ၊ သမီးတို့နှစ်ယောက် အစီအစဉ်လုပ်ထားပြီးပါပြီ”

ဒေါ်ထားမေလည်း မေးစရာ ၊ပြောစရာ မရှိတော့ဟန်ဖြင့် နှုတ်ဆိတ်သွားတော့သည်။

*

# အခန်း(၂)

“တီတီ. . .”

“ဟော. . . တူမလေး ပြန်လာပြီ”

သူထံသို့ ပြေးလာသော တူမချောကလေးကို ယမင်းရွှေစင်က လက်နှစ်ဖက်တန်း၍ တင်းကျပ်စွာ ဖက်ထားလိုက်သည်။

“တီတီ. . .တီတီ”

“ရှင်. . .ရှင်”

“ ဘိုးဘိုးကပြောတယ် ၊တီတီ ရန်ကုန်မှာ အလုပ်သွားလုပ်တော့မယ်ဆို”

“အလုပ်က မရသေးပါဘူး၊ အလုပ်လုပ်ဖို့ စာမေးပွဲ သွားဖြေမှာပါ ခြူလေးရဲ့”

“ခြူလဲ လိုက်မယ်နော်။ ခြူကို မထားခဲ့နဲ့ ”

“ဟော . . . ခြူက လုပ်ပြီ၊ ချက်ချင်း ခြူလိုက်လို့ ဘယ်ရမလဲ၊ တီတီက ခုမှ အလုပ်ရဖို့ ကြိုးစားရမယ့် ဥစ္စာ”

“ဟင့်အင်း. . . ဟင့်အင်း ခြူ တီတီနဲ့ မခွဲနိုင်ဘူး လိုက်မှာပဲ၊ အဟင့် . . . ဟင့်. . . ဟင့်”

“ခြူ. . . ခြူလေး၊ တီတီ စိတ်မကောင်းအောင် မလုပ်ပါနဲ့ ၊ တီတီသွား

မှာ ခြူလေးတို့အတွက်ပါ၊ ရန်ကုန်မှာအလုပ်ရပြီး ပိုက်ဆံတွေ အများကြီးရတာနဲ့ ခြူလေးရယ် ဘိုးဘိုးဘွားဘွားရယ်ကို တီတီက ရန်ကုန်မှာ ခေါ်ထားမှာ ဒီမှာ. . . ဒီမှာ တီတီကို ကြည့်စမ်း၊ အို. . . မျက်စိကို အရမ်းမပွတ်ရဘူးလေ”

ယမင်းရွှေစင်က ခြူလေး၏ လက်နှစ်ဖက်ကို အတင်းဆွဲကိုင်ထားလိုက်သည်။

မျက်ရည်စိုရွှဲ၍ နီရဲမို့အစ်လက်သော မျက်ဝန်းများဖြင့် ခြူလေးက သူ့ဒေါ်လေး၏မျက်နှာကို မော်ကြည့်လာ၏။

“ရန်ကုန်မှာရှိတဲ့ တိရစ္ဆာန်ဥယျာဉ်တို့ ၊ ကစားကွင်းတို့ကို ခြူလေး တီဗွီထဲမှာ ကြည့်ရတယ် မဟုတ်လား”

ခြူလေးက နှုတ်ကမပြောဘဲ ခေါင်းညိတ်ပြသည်။

“အေး . . . ခြူလေး သိပ်သွားချင်တဲ့၊ ပျော်စရာကောင်းတဲ့ အဲဒီနေရာတွေကို တီတီက ခေါ်သွားပေးဖို့ ခုသွားကြိုးစားရမှာ၊ ပြိုင်ကားလေးတွေ စီးချင်တယ်ဆို ၊ မျောက်ကလေးတွေကို ငှက်ပျောသီး ကျွေးချင်တယ်ဆို”

“အင်း”

“အေး. . . ဒါဆိုရင် တီတီ စိတ်ညစ်အောင်မလုပ်နဲ့၊ ပြောစကားကို နားထောင်။ တီတီ ခြူလေးနဲ့ အကြာကြီးခွဲမနေဘူး၊ အမြန်ဆုံး ခေါ်လိုက်မယ် သိလား”

“ဟုတ်ကဲ့”

“ကဲ . . . .လာ ရေချိုးမယ်၊ အဝတ်အစားလဲမယ်၊ ပြီးရင် ခြူလေး ကြိုက်တဲ့ ငါးသလဲတိုးကြော်နဲ့ ပဲနောက်ဟင်း ချက်ထားတယ်၊ ထမင်းစားကြမယ်”

“ဟုတ်ကဲ့”

ယမင်းရွှေစင်သည် ဝဝကစ်ကစ် ဖြူဖြူစင်စင်နှင့် ချစ်စရာကောင်းလှသော တူမချောကလေးကို ချီကာ အိမ်ထဲသို့ဝင်ခဲ့တော့သည်။

ယမင်းရွှေစင်၏ ချော့မော့ပြောဆိုသော စကား၊ အလိုလိုက်ကာ အကြိုက်ပေး၍ ပြောဆိုသောစကားများကြောင့် ခြူလေးမှာ နောက်ဆုံးတော့ ကြည်ကြည်သာသာနှင့် သွားခွင့်ပြုလာ၏။

သည်ညတွင်တော့ ပုံတိုပတ်စတွေကို ခြူလေးအား အာတစ်ညောင်းကြီး ပြောခဲ့ရပါသည်။

အတော် ညဉ့်နက်မှ အိပ်ပျော်သွားသဖြင့် ခြူလေးမှာ မနက် သူခရီးစထွက်ချိန်အထိ နှစ်ခြိုက်စွာ အိပ်မောကျ၍ ကျန်ရစ်ခဲ့ပါ၏။

*

ဦးသောင်းဦးသည် ရထားထွက်သည်အထိ သူ့သမီးငယ်နှင့်အတူ ရှိနေခဲ့သည်။

ယမင်းရွှေစင်က သူ့ကို စိတ်ချဖို့နှင့် မိခင်ဖခင်နှင့် ခြူလေးတို့ကျန်းမာရေးဂရုစိုက်ဖို့ အထပ်ထပ်မှာနေမိပါ၏။

“စိတ်ချပါ သမီးရယ် ၊ဖေဖေတို့အတွက် မပူပါနဲ့ မိဝေးဖဝေးနဲ့ တစ်ရွာတစ်ကျေးသွားရတဲ့ သမီးအတွက်ပဲ ဖေဖေတို့က ပူပန်ရမှာပေါ့ ၊ ဟိုရောက်တာနဲ့ ဖုန်းဆက်နော်၊ ဖေဖေတို့ သမီးဆီက ဖုန်းအလာကို မျှော်နေမယ်”

“ဟုတ်ကဲ့ပါ”

မကြာမီ မီးရထားကြီးသည် ရန်ကုန်သို့ ခရီးစတင်၍ ထွက်ပါတော့သည်။

ဦးသောင်းဦးနှင့် ယမင်းရွှေစင်တို့သည် တစ်ဦးကိုတစ်ဦး လက်ပြနှုတ်ဆက်မဆုံး ရှိနေခဲ့ကြသည်။

ဖခင်ကို မမြင်ရတော့မှဘဲ ယမင်းရွှေစင်သည် ထိုင်ခုံတွင်ကျောမှီ၍ ထိုင်ချလိုက်ပြီး မျက်လုံးများကို တင်းကျပ်စွာ မှိတ်ထားနေလိုက်သည်။

တစ်ယောက်တည်းကျကာမှ မခွဲမခွာစဖူး မိဘနေရပ်နှင့် တူမလေးကို ခွဲခွာခဲ့ရခြင်းအတွက် အပြင်မှာ မျက်ရည်ကျခြင်းထက် ရင်ထဲမှာ ငိုနေမိခြင်းက ပို၍စီတန်းနေပါ၏။

သူ့ဘေးထိုင်ခုံတွင် ထိုင်နေသော အသက်လေးဆယ်ခန့်ရှိ သားသားနားနား ခရီးသွားဖော် အမျိုးသမီးကြီးက သူ့ကိုကြည့်ပြီး သူ့လက်ကောက်ဝတ်ကို အသာဆုပ်ကိုင်လိုက်ပါသည်။

ယမင်းရွှေစင်က ဖျတ်ခနဲ မျက်လုံးများပွင့်ကာ သူ့ကိုကြည့်လိုက်သည်။

အကြင်နာမျက်ဝန်းဖြင့် သူ့ကိုကြည့်နေသူကို တွေ့လိုက်ရသည်။

"ညီမလေး ဘာဖြစ်လို့လဲဟင်"

"ဟို. . .ဟို အိမ်နဲ့ မခွဲစဖူး ခွဲလိုက်ရလို့ပါ"

"သြော် . . . ညီမလေး တစ်ယောက်တည်း ခရီးထွက်လာတာလား"

"ဟုတ်ကဲ့"

"မမသင်းလဲ တစ်ယောက်တည်းပါပဲ ၊အဖော်ရတာပေါ့"

"မမက ဒီနားကပဲလားဟင်"

“မမသင်းက နတ်မော်သူပါ၊ ရန်ကုန်သားနဲ့ အိမ်ထောင်ကျပြီး ရန်ကုန်မှာ နေနေတာ ၊ ဆယ်နှစ်ကျော်ပြီလေ၊ အခု မေနေမကောင်းလို့ ပြန်ကြည့်တာ”

“ဪ . . . ဟုတ်ကဲ့ ၊ ခုကော မမ မေမေ နေကောင်းသွားပြီလား”

“ကောင်းသွားပါပြီ၊ မေမေကတော့ ရောက်တုန်းရောက်ခိုက် နေစေချင်သေးတယ် ၊မမမှာကလဲ ရန်ကုန်မှာ သားနဲ့သမီးကို အိမ်ဖော်နဲ့ထားခဲ့ရတာလေ၊ မမခင်ပွန်းက တစ်နေ့ တစ်နေ့၊ သူ့အလုပ်နဲ့သူဆိုတော့ အိမ်ကို ပြန်လှည့်မကြည့်အားဘူး၊ အိမ်မှာလဲ မမသင်းမရှိလို့ မဖြစ်ပြန်ဘူးလေ”

“ကလေးတွေ ကြီးကုန်ပြီလား”

“သမီးက ဒီနှစ်ဆယ်တန်း၊ သားက ကိုးတန်းတက်မှာလေ၊ သူတို့ ခမျာလဲ ကျောင်းနဲ့ ကျူရှင်နဲ့ အားရတယ်မရှိပါဘူးကွယ်၊ ဒါနဲ့ ညီမလေးကတော့ ရန်ကုန်ကို အလည်သွားမှာလား”

“မဟုတ်ပါဘူး၊ အလုပ်အတွက် လူတွေ့စစ်ဆေးခံဖို့ သွားမှာပါ မမ”

“ဪ . . . ရန်ကုန်မှာ အလုပ်လုပ်မယ်ပေါ့၊ ဘယ်မှာလျှောက်ထားမလို့လဲဟင်”

“တစ်မြို့ထဲသူ ညီအစ်မလိုခင်တဲ့သူ အလုပ်လုပ်နေတဲ့ အောင်ချမ်းသာ ကုမ္ပဏီမှာပါ မမ”

“ညီမလေးက ဘယ်နှစ်တန်း အောင်ပြီးပြီလဲဟင်”

“ယမင်း စီးပွားရေးဘွဲ့ရပြီးပါပြီ၊ ခု ရန်ကုန်မှာ သွားအလုပ်လုပ်ရင်း သင်တန်းတွေ ဆက်တက်ဖို့ ရည်ရွယ်ထားပါတယ်”

"သိပ်ကောင်းတာပေါ့ကွယ်၊ ဟိုမှာကတော့ ကိုယ်တက်ချင်တဲ့ သင်တန်း တက်လို့ရတာတွေ အများကြီး ရှိတာပဲ၊ ယမင်းကိုတွေ့တွေ့ ချင်း မမသင်း ခင်တယ်၊ တကယ်လို့ ခုသွားလျှောက်တဲ့အလုပ် အဆင်မ ပြေခဲ့ရင် မမသင်းနဲ့ ဆက်သွယ်ပါ၊ ယမင်းအတွက် အလုပ်ကို မမသင်းရဲ့ ခင်ပွန်းလဲ စဉ်းစားပေးနိုင်ပါတယ်၊ မောင်ကိုယ်တိုင်ကလည်း ကုမ္ပဏီ ထောင်ထားတာလေ၊ မမသင်းတို့ ကုမ္ပဏီနဲ့ သွင်းကုန်ထုတ်ကုန် လုပ် တာပဲ၊ ခဏ . . . ခဏ တစ်လက်စတည်း လိပ်စာကတ်ကလေး ပေးလိုက်ဦးမယ်"

သူ့ကိုယ်သူ မမသင်းဟု ပြောနေသော အမျိုးသမီး ခန့်ခန့်ချောချော ကြီးက သူ့ပေါင်ပေါ်မှ လက်ပွေ့အိတ်၏ ခလုတ်ကို ဖွင့်ကာ အတွင်းမှ လိပ်စာကတ်ကလေးတစ်ခုကို ထုတ်ယူလိုက်သည်။

"ရော့ . . . ညီမလေး"

**ဦးမင်းလွင်**

**တက်နေဝန်း ကုမ္ပဏီ**

**အမှတ် ( -------- ) အနော်ရထာလမ်း**

အင်္ဂလိပ် မြန်မာ နှစ်ဘာသာဖြင့် ရေးထားသော လိပ်စာကတ်နှင့် ဖုန်းနံပါတ်ကို ဖတ်ပြီး ယမင်းရွှေစင်က မမသင်းဆိုသူကို ကြည့်လိုက် သည်။

"ကျေးဇူးတင်ပါတယ် မမ"

"မမသင်း နာမည်မှတ်ထားနော် မခင်သင်းဝေတဲ့"

"ဟုတ်ကဲ့ပါ မမသင်း၊ ယမင်းနာမည်လဲ မှတ်ထားပါနော်၊ အပြည့်

အစုံက ယမင်းရွှေစင်ဦးပါ မမသင်း”

“နာမည်လေးက ချစ်စရာကောင်းတယ်၊ လူလေးနဲ့လည်း လိုက်ပါတယ်၊ ညီမလေး ယမင်းက ပြစ်မျိုးမှည့်မထင်လှတဲ့ သူကလေးပဲကိုး”

ယမင်းရွှေစင်ဦး၏ မျက်နှာကလေးမှာ ရဲခနဲ ဖြစ်သွားသည်။

“မရှက်ပါနဲ့၊ မမသင်းက အရှိကိုအရှိ၊ အမြင်ကို အမြင်အတိုင်း ပြောလိုက်တာပါကွယ်၊ အဟင်း . . . ဟင်း . . . ဟင်း”

ယမင်းရွှေစင်ဦးမှာ ခရီးတစ်လျှောက်လုံး မပျင်းခဲ့ရပါ။

ဒေါ်ခင်သင်းဝေသည် သူ့အတွက် အကောင်းဆုံး ခရီးသွားဖော်ဖြစ်ခဲ့ပါသည်။

*

အချိန်နာရီ တစ်ရွေ့ရွေ့ကုန်ဆုံးသွားကာ နောက်ဆုံးတော့ ယမင်းရွှေစင်ဦးတို့ စီးနင်းလိုက်ပါလာသော မီးရထားကြီးသည် ခရီးအဆုံးသို့ ရောက်ခဲ့ပါသည်။

ရထားကြီးပေါ်မှ ဆင်းသူတွေ၊ လာရောက်ကြိုဆိုသူတွေ၊ လှုပ်လှုပ်ရွရွ ယောက်ယက်ခတ်နေသည့်ကြားတွင် ယမင်းရွှေစင်သည် လည်ကလေး တဆန့်ဆန့်နှင့် သူ့သူငယ်ချင်း အေးအေးမွန်ကို ရှာနေ၏။

“ယမင်းရွှေစင်”

“ဩော် . . . မမသင်း”

ယမင်းရွှေစင်ဦးက သူ့လက်ကို ကိုင်လိုက်သူကို ကြည့်လိုက်သောအခါ ဒေါ်ခင်သင်းဝေနှင့် အမျိုးသားတစ်ဦးကို တွေ့လိုက်ရသည်။

"ဒါ မမသင်းရဲ့ ခင်ပွန်း ဦးမင်းလွင်လေ"

"ဟုတ် . . . ဟုတ်ကဲ့ပါရှင်"

ဦးမင်းလွင်က ယမင်းရွှေစင်ဦးကို ဖော်ရွေစွာ ပြုံးပြနေ၏။

"လာကြိုသူ မတွေ့သေးဘူးလား၊ မမသင်းတို့ လိုက်ပို့ပေးရမလားဟင်"

"အို . . . နေပါစေ၊ သူငယ်ချင်းက ဆက်ဆက်ကြိုမှာပါ မမသင်း၊ ဟော ပြောရင်းဆိုရင်း ဟိုမှာ အေးမွန်၊ အေးမွန်၊ အေးမွန်၊ ယမင်း ဒီမှာ"

ယမင်းရွှေစင်ဦးက လက်ကလေးမြှောက်ယမ်း၍ ခေါ်လိုက်သောအခါ အေးအေးမွန်သည် သူ့ကို တွေ့မြင်သွားပြီး ရှုပ်နေဆဲဖြစ်သော လူအုပ်ကို တိုးကာ သူ့ထံသို့ရောက်ရှိလာ၏။

"ယမင်း စိတ်ပူနေလားဟင်၊ အဆင်မပြေချင်တော့ ငှားလာတဲ့ကားက လမ်းမှာ ဆီပိတ်သွားလို့ နည်းနည်းနောက်ကျသွားတယ်၊ ပေးပေး မင်းလက်ထဲက ဆွဲခြင်း"

"အေးမွန် ဒါ ယမင်းရဲ့ ခရီးသွားဖော် မမလေ၊ ယမင်း တစ်လမ်းလုံး အဖော်ကောင်းရလာတယ်"

"ဟုတ် . . . ဟုတ်ကဲ့ပါ မမ၊ ကျေးဇူးတင်ပါတယ်၊ အေးမွန် သူငယ်ချင်းအဖော်ရလာတာ ယမင်းက တစ်ခါမှ တစ်ယောက်တည်း ဒီလို ခရီးသွားဖူးတာ မဟုတ်ဘူး"

"မမသင်းလဲ ဒီက ညီမ ယမင်းနဲ့ ခရီးဖော်ရခဲ့တာ ဝမ်းသာပါတယ်၊

ဘာအကူအညီများလိုသေးလဲ၊ ကားကော အဆင်ပြေရဲ့လား”

“ဟုတ်ကဲ့ ပြေသွားပါပြီ မမ၊ ကျေးဇူးတင်ပါတယ်”

“ဒါဆို မမသင်း သွားမယ်၊ ယမင်း မမသင်းဆီကို ဖုန်းဆက်နော်”

“ဟုတ်ကဲ့ပါ မမသင်း”

“အဲဒီ အစ်မကြီးက သိပ်သဘောကောင်းတယ် အေးမွန်”

“လူကလဲ ချောချောခန့်ခန့်ကြီးနော်၊ ကြည့်ရတာ ဘော်ဇာထဲကနဲ့ တူတယ်”

“သေချာတာပေါ့၊ သူ့ယောကျ်ားကလဲ ကုမ္ပဏီပိုင်ရှင်တစ်ယောက်ပဲ”

“သြော်”

“နေနေ ခရီးဆောင်အိတ်က လေးတယ်၊ ယမင်းဆွဲခဲ့မယ်”

ခရီးဆောင်အိတ်ကြီးကို ကုန်းဆွဲလိုက်သော အေးအေးမွန်အား ယမင်းရွှေစင်ဦးက တားလိုက်သည်။

“ယမင်းလဲ မဆွဲနဲ့၊ အေးမွန်လဲ မဆွဲဘူး၊ အလုပ်သမား ခေါ်မယ်”

မကြာခင် အလုပ်သမားလေးတစ်ယောက် ရရှိပြီး ငှားထားသော အငှားယာဉ်ပေါ်သို့ ယမင်းရွှေစင်ဦးတို့နှစ်ယောက် ရောက်ခဲ့ကြသည်။

“ယမင်း ဆာနေပြီလားဟင်”

“မဆာသေးပါဘူး၊ တစ်လမ်းလုံး မမသင်းနဲ့ ယမင်း တစွတ်စွတ်စားလာခဲ့ကြတာ”

“ယမင်းအတွက် အေးမွန် အိမ်မှာ ခရမ်းချဉ်သီး ငါးပိချက်နဲ့ ကြက်ဥကြော်ထားခဲ့တယ်”

"မေမေကလဲ ငါးသလောက်ဥကြော်တွေ၊ ငါးသလဲထိုးကြော်တွေ၊ ငါးရံ့အူဟင်းတွေ၊ ငါးပိကြော်တွေ ထည့်ပေးလိုက်သေးတယ် အေးမွန်ရဲ့"

"ဟား . . . ဒါဆို ကိုယ်တို့နှစ်ယောက်အတွက် ရိက္ခာတော့ တော်တော်ဖူလုံသွားပြီပေါ့နော်၊ အဟင်း . . . ဟင်း . . . ဟင်း"

ရယ်နေသော အေးမွန်ကို ယမင်းရွှေစင်ဦးက သူ့ပုခုံးဖြင့် အသာတိုက်လိုက်သည်။

"မင်းရောက်လာတာ ကိုယ်သိပ်ပျော်တယ်၊ ဒီလို အလုပ်အတူတူလုပ်ရဖို့ကိုလဲ မျှော်လင့်လိုက်ရတာ"

"အလုပ်တူတူလုပ်ရဖို့က သေချာပါမလား အေးမွန်ရယ်၊ ယမင်းတော့ စိတ်တွေ အရမ်းပူတယ်"

"သေချာမယ်ဆိုတော့ အေးမွန် ထင်တာပဲ၊ အလုပ်ရှင် ဦးနေလင်းအောင်က အလုပ်ကို ကြိုးစားပြီး ရိုးသားတဲ့လူကို ကြိုက်တယ်၊ ကိုယ့်ကိုဆိုရင် အလုပ်ကြိုးစားလို့ဆိုပြီး သူများထက် အခွင့်အရေးပိုပေးတယ်၊ သူကပဲပြောတာ မင်းလို မိန်းကလေးမျိုးတွေပဲ ကိုယ့်အလုပ်မှာ ထပ်ခန့်ချင်တာတဲ့၊ အသိမိတ်ဆွေတွေထဲက ရှိရင်လဲ ပြောဆိုလို့ ကိုယ် မင်းလျှောက်လွှာကို တင်လိုက်တာ ယမင်းရဲ့၊ လူတွေ့စစ်ဆေးရင် ဘာမှမကြောက်နဲ့ ခေါင်းအေးအေးထားပြီး မေးတာကိုဖြေ၊ မင်းအကြောင်းကိုလဲ သူမေးလို့ ကိုယ် ပြောထားပြီးပြီ"

"အင်း . . . အင်း မကြောက်နဲ့ဆိုပေမယ့် ရင်ကတော့ ခုကတည်းက တုန်နေတယ် အေးမွန်"

"သတ္တိကလည်း အပြည့်ပါပဲလား၊ အဟင်း . . . ဟင်း . . . ဟင်း"

ယမင်းရွှေစင်ဦး၏ ပုခုံးကို အေးအေးမွန်က ဖက်ထားကာ ရယ်နေ၏။

*